# သင်၏ အေအာရ်စီ ကပ်ပြား (ARC) ပြဿနာ တက်လျှင် မည်သို့ ဆောင်ရွက်သင့်သနည်း။

ဧပြီ ၂၀၁၀

Burmese

သင်၏ လျှောက်လွှာတင်ထားကြောင်း မှတ်ပုံတင်ကတ်ပြား သို့ မဟုတ် အေအာရ် စီ (ARC) ကပ်ပြားသည် အရေးကြီးသည်။ သင်သည် ခိုလှုံခွင့်လျှောက်လွှာတင်ပြီးဖြစ်ကြောင်း ယင်းမှ ပြသပြီး၊ သင်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ နှင့် ဓာတ်ပုံတို့ ပါရှိပါသည်။ ထိုကတ်ပြားကို သင် တစ်ဦးတည်း သာလျှင် သုံးနိုင်ပါသည်။ သင်၏ အေအာရ်စီကတ်ပြားသည် သင်၏ မည်သူမည်ဝါဖြစ်သည်ဆိုသည်ကို သက်သေခံပြီး၊ ပြည်ထဲရေးရုံးမှ သင့်အား ထောက်ပံ့သည့် ငွေကြေးများကို သင်သည် ခွင့်ပြုသတ်မှတ်ထားသော စာတိုက်တွင် ထုတ်ယူပိုင်ခွင့်ပြုသည်။

ဤစာစောင်သည် သင်၏ အေအာရ်စီကပ်ပြား အလုပ်မလုပ်တော့လျှင်၄င်း၊ ပျောက်ဆုံးခဲ့လျှင် သို့ မဟုတ် အခိုးခံရလျှင်၄င်း သင်လုပ်ဆောင်ရန် အချက်အလက်များနှင့်၊ ကျွန်ုပ်တို့ မှ မည်သို့ ကူညီနိုင်သည်ကို ဖော် ပြပါသည်။

**ကျွန်ုပ်သည် စာတိုက်တွင် ထောက်ပံ့ငွေထုပ်ရန် ကြိုးစားစဉ် ကျွန်ုပ်၏ အေအာရ်စီကပ်ပြားသည် အလုပ်မလုပ်လျှင် မည်သို့ လုပ်ဆောင်ရမည်နည်း။**

အကယ်၍ တစ်စုံတစ်ခုသောအကြောင်းကြောင့် အလုပ်မလုပ်လျှင် စာတိုက်ဝန်ထမ်းထံမှ လက်ခံဖြတ်ပိုင်းတောင်းခံပြီး၊ အချိန်ခြားပြီးနောက်တစ်ချိန်တွင် ကတ်ပြားကို ထပ်မံသုံးပါ။ သင်သည် စာတိုက်ဝန်ထမ်းအား သင်၏ကတ်ပြားကို နှစ်ခါစမ်းရန် ပြောဖို့ အရေးကြီးသည်။ သင်သည် နောက်တစ်ခါစမ်းရန် တစ်နေ့တည်း အချိန်းခြား၍၄င်း၊ နောက်တစ်နေ့တွင်၄င်း စမ်းနိုင်ပါသည်။ *သင်၏ ကတ်ပြားသည် နှစ်ကြိမ် ငြင်းပယ်ခံခဲ့ရလျှင်၊ စာတိုက်မှ သင့်အာ ဒုတိယလက်ခံဖြတ်ပိုင်းပေးရန် သေချာအောင်လုပ်ပါ။*

လက်ခံဖြတ်ပိုင်း နှစ်ခုစလုံး ရပြီဆိုလျှင် ကျွန်ုပ်တို့ ရုံးသို့ ယူလာပြီး သင်၏ ပြဿနာကို ပြည်ထဲရေးရုံး သို့ ကျွန်ုပ်တို့မှ ကူညီ သတင်းပို့ ပေးပါမည်။ သင်သည် ထောက်ပံ့ငွေထုတ်ရန် မတူညီသော အချိန်နှစ်ခုတွင် ကြိုးပမ်းခဲ့သည်ဟူသည့် သက်သေကို ပြည်ထဲရေးရုံးသည် သက်သေအဖြစ်လိုအပ်သဖြင့် သင်သည် လက်ခံဖြတ်ပိုင်း နှစ်ခုစလုံးယူလာရန် ရေးကြီးပါသည်။ ဖြတ်ပိုင်းများကို တတ်နိုင်သ၍ ထိုရက်သတ္တပတ်အတွင်း စောနိုင်သမျှ အစောဆုံးယူလာပါ။ *သင်သည် ပြဿနာကို ရက်သတ္တပတ်လွန်မှ အကြောင်းကြားပါက ပြည်ထဲရေးရုံးသည် သင့်အား*
*သင်လွတ်သွားသည့် ငွေများကို အစားထိုးပြန်ပေးမည်မဟုတ်။*

**ကျွန်ုပ် ၏ အေအာရ်စီ ကပ်ပြား ပျောက်ဆုံးလျှင် မည်သို့ လုပ်ဆောင်ရမည်နည်း။**

သင်၏ အေအာရ်စီကပ် ပျောက်ဆုံးလျှင် သို့ မဟုတ် အခိုးခံရလျှင်၊ သင်သည် ကျွန်ုပ်တို့ ထံမဆက်သွယ်မီ ရှေးဦးစွာ ရဲသို့ အကြောင်းကြားရမည်။ ရမည်။ သင်၏ ရဲသို့ အမှုဖွင့်တိုင်စာတွင် အောက်ပါတို့ ပါဝင်ရမည်။

- ရဲစခန်းမှ ပေးသော ရာဇဝတ်မှု နံပတ် (ရဲမှ ပေးခဲ့သော်)
- သင်၏ အမှုကို မှတ်တမ်းယူခဲ့သည့် ရဲ၏အမည်နှင့် ကိုယ်ပိုင်နံပါတ်
- သင်သတင်းပို့ခဲ့သည့် ရဲဌာန၏ အမည်။

စတရာသ့် ကလိုက် ရဲစခန်း Strathclyde Police ဖုန်းနံပါတ် ၀၁၄၁ ၅၃၂ ၂၀၀၀ သို့ဆက်သွယ်လျှင် သင်၏ အမှုဖွင့်ရန် ကူညီပေးနိုင်မည့် ရဲဝက္ကက်ရဲ အမည်ကို ပြောပြပါလိမ့်မည်။

ထိုနောက်မှ သင်သည် ရဲသို့ အမှုတိုင်စာကို ကျွန်ုပ်တို့ ထံ ယူလာနိုင်ပါပြီး ကျွန်ုပ်တို့ သည် သင်၏ ပျောက်ဆုံးမှု သို့ မဟုတ် အခိုးခံရမှုအတွက် ပြည်ထဲရေးရုံးသို့ သတင်းပို့ ရန် ကူညီပေးပါမည်။ အေအာရ်စီ ကတ်သစ်တစ်ခုထုတ်ပေးရန် ရက်သတ္တပတ် များစွာကြာသည်ဆိုသည်ကို သတိပြုပါ။ သင်သည် ကပ်ပြားအသစ်ကို စောင့်ဆိုင်းနေစဉ် ကျွန်ုပ်တို့ သည် ပြည်ထဲရေးရုံးမှ အရေးပေါ် ကြားဖြတ် အကူအညီတိုကင်များ ပို့ ပေးရန် တောင်း ဆိုပေးနိုင်ပါသည်။ ယင်းတို့ ကို သင်၏ အိမ်သို့ DX သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ လာပို့ ပါမည်။

**ကျွန်ုပ်သည် ဆေးရုံတက်နေရ၍ အေအာရ် စီကပ်ကို အသုံးမပြုနိုင်လျှင် ဘာလုပ်သင့်ပါသနည်း။**

အကယ်၍ သင်သည်ဆေးရုံတက်နေရ၍ စာတိုက်သို့ သွားရောက်၍ အေအာရ်စီကပ်ဖြင့် ထောက်ပံ့ငွေကို မထုတ်ယူနိုင်ပါလျှင် ကျွန်ုပ်တို့ မှ ပြည်ထဲရေးရုံးသို့ ချက်ချင်း အကြောင်းကြားနိုင်ရန်၊ သင့်တွင် ဆိုရှယ်ဝါကာ၊ ရှိခဲ့လျှင် သူ့အား ပြောပါ၊ သို့ မဟုတ် သူနာပြုဆရာမအား ပြောပါ ။ သင်သည် ယင်းအချက်ကို ချက်ချင်းလုပ်ရန် အရေးကြီးသည်၊ ထိုမှသာ ပြည်ထဲရေးရုံးသည် သင်၏ အခြေအနေကို သိရှိ သတိပြုနိုင်မည်ဖြစ်သည်။ သင်သည် ကျွန်ုပ်တို့ ၏ **အခမဲ့ တယ်လီဖုန်း ၀၈၀၀ ၀၈၅ ၆၀၈၇** သို့ ဆက်သွယ်၍ တာဝန်ကျ ကိစ္စဆောင်ရွက်သူ (ကေ့စ်ဝါကါ) နှင့် ပြောဆိုနိုင်ပါသည်။ ကျွန်ုပ်တို့ ၏ အခမဲ့ ဖုန်းသည် ကြိုးဖုန်းမှသာ ခေါ်ယူနိုင်ပါသည်။

သင်၏ ပြောင်းလဲသောအခြေအနေကို ကျွန်ုပ် တို့ သည် ပြည်ထဲရေးရုံးသို့ ပြောနိုင်ရန် ကျွန်ုပ်တို့ အား သင်မှ မပြောလျှင် သင်သည် ထောက်ပံ့ငွေ ရပ်တန့်ခြင်း ခံရနိုင်ပေသည်။

**ကျွန်ုပ်သည်ယာယီ ကြားဖြတ် ယဉ်မောင်းလိုင်စင် လျှောက်လိုပါသည်။ ယဉ်နှင့် ယဉ်မောင်းလိုင်စင်အေဂျင်စီ (DVLA) သို့ ကျွန်ုပ်၏ အေအာရ်စီကို မည်သူမည်ဝါဖြစ်သည့် သက်သေခံ အဖြစ် ပို့ နိုင်ပါသလော။**

ယာယီ ယဉ်မောင်းလိုင်စင် လျှောက်ရာတွင် လျှောက်ထားချက်၏ တစ်စိတ်တစ်ဒေသအဖြစ် သင်၏ အေအာရ်စီကို DVLA သို့ **မပို့ ပါနှင့်**။ စာတိုက်မှ အပတ်စဉ် ငွေထောက်ပံ့မှုရရန် သင်သည် အေအာရ်စီကပ်ကို လိုအပ်သည်။ ထိုကတ်ပြားမရှိလျှင် ငွေလုံးဝထုတ်၍ ရမည်မဟုတ်ပေ။

မတ်လ ၂၅၊ ၂၀၁၀ နောက်ပိုင်း ယူကေတွင် ခိုလှုံခွင့် လျှောက်ထားပြီး နေထိုင်ပိုင်ခွင့် **မရသေးလျှင်** ယူကေ ယဉ်မောင်းလိုင်စင် လျှောက်ထားနိုင်တော့မည်မဟုတ်။

အစိုးရဥပဒေစည်းကမ်းများ လတ်တလောပြောင်းခဲ့ခြင်းကြောင့် ယူကေတွင် တစ်နည်းနည်းအားဖြင့် နေထိုင်ခွင့် **အနည်းဆုံး ၁၈၅ရက် နှင့်**အထက် ရရှိထားသူများသာ လျှောက်ထားရန် အကျုံးဝင်သည်။

ဤအပြောင်းအလဲသည် မတ် ၂၅၊ ၂၀၁၀ မတိုင်မီ ယူကေယဉ်မောင်းလိုင်စင် လျှောက်ထားသူများနှင့် မသက်ဆိုင်ပေ။

Scottish Refugee Council, 5 Cadogan Square, (170 Blythswood Court), Glasgow G2 7PH Tel: 0141 248 9799, Fax: 0141 243 2499,
www.scottishrefugeecouncil.org.uk
Scottish Refugee Council is a charity registered in Scotland.
Registered Charity: SC008639